PATHFINDER INTERNATIONAL | MYANMAR PARTNERS IN POLICY AND RESEARCH

# ကျန်းမာရေးဝန်ကြီးဌာနက ရေးဆွဲပြုစုထားသည့် လူငယ်ကျန်းမာရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) မှ လိင်ပိုင်းနှင့်မျိုးဆက်ပွားကျန်းမာရေးမဟာဗျူဟာများ ကောက်နုတ်ချက်

ကျန်းမာရေးဝန်ကြီးဌာနမှ မူကြမ်းရေးဆွဲခဲ့သော လူငယ်ကျန်းမာရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) သည် လူငယ်များ၏ အရည်အသွေးပြည့်ဝသော ကျန်းမာရေးသတင်းအချက်လက်များနှင့်ဝန်ဆောင်မှုများဆိုင်ရာ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ပါသည်။ လူငယ်များ၏ကျန်းမာရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၏ ပန်းတိုင်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

*"မြန်မာနိုင်ငံမှ လူငယ်များ၏ သတင်းအချက်အလက်များ၊ အရည်အသွေးပြည့်ဝန်ဆောင်မှုများနှင့် ကာကွယ်စောင့် ရှောက်မှုပေးသော ပတ်ဝန်းကျင်တို့ကို ရရှိပိုင်ခွင့်များအား ကာကွယ်ဖြည့်ဆည်းပေးခြင်းဖြင့် ၎င်းတို့၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြည့်ဆည်းပေးနိုင်သမျှ အမြင့်မားဆုံးစံနှုန်းများကို ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်" (စာမျက်နှာ ၂၈)*

မဟာဗျူဟာစာတမ်းသည် စီမံကိန်း၏ ဘက်ပေါင်းစုံမှ ပြည့်စုံအောင် ဆောင်ရွက်မှုအား အလေးထားကာ မဟာဗျူဟာစီမံကိန်း၏ အရေးအပါဆုံးအစိတ်အပိုင်းများထဲမှ တစ်ခုဖြစ်သည့် **လူငယ်များအားလုံး၏ လိင်ပိုင်းနှင့် မျိုးဆက်ပွားကျန်းမာရေး (Sexual and Reproductive Health – SRH) အား အသက်အရွယ်၊ ကျား/မ မရွေး ကာကွယ်စောင့်ရှောက်ပေးမည့် သာတူညီမျှရှိပြီး ရပိုင်ခွင့်ကို အခြေပြုသော ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း**အား ရှင်းလင်းစွာ ဖော်ပြထားပါသည်။ လူငယ်များနှင့်ဆယ်ကျော်သက်များ အားလုံးသည် မြန်မာနိုင်ငံရှိ သာတူညီမျှအရှိဆုံးနှင့် အရည်အသွေးအမြင့်မားဆုံး လိင်ပိုင်းနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီရပိုင်ခွင့်ရှိကြောင်း ထိုစာတမ်းမှ အာမခံထားပါသည်။

မဟာဗျူဟာစာတမ်း (စာမျက်နှာ ၁) တွင် လူငယ်မဟာဗျူဟာ၏ လမ်းညွှန်စည်းမျဉ်းများကို အောက်ပါအတိုင်း တင်ပြထားပါသည်။

- **ဘက်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်မှု** - ထိုနည်းလမ်းသည် တမင်ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အကြမ်းဖက်မှုများ၊ **SRH** ၊ HIV/AIDS ၊ စိတ်ကျန်းမာရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်သော ရောဂါများ၊ ကူးစက်ရောဂါများနှင့် အဖြစ်များသော အခြေအနေများကဲ့သို့ ကဏ္ဍပေါင်းစုံနှင့်သက်ဆိုင်သော လူငယ်များ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို အသိအမှတ်ပြုထားပါသည်။



- **သာတူညီမျှရှိပြီး ရပိုင်ခွင့်ကို အခြေပြုသော ချဉ်းကပ်ဆောင်ရွက်မှု** - ထိခိုက်လွယ်သော အုပ်စုများအပါအဝင် **ဆယ်ကျော်သက်များ အားလုံး**အတွက် ဝန်ဆောင်မှုများကို သာတူညီမျှ လက်လှမ်းမီရရှိမှုကို အထူးအလေးထားပြီး လက်လှမ်းမီအသုံးပြုနိုင်သော၊ လက်ခံနိုင်ဖွယ်ဖြစ်သော၊ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများအား ပံ့ပိုးပေးခြင်းဖြင့် လူငယ်များအတွက် ရရှိနိုင်သမျှအမြင့်မားဆုံးကျန်းမာရေးစံနှုန်းများ ပြည့်မီစေရေးအတွက် ရည်ရွယ်ရုံနှင့်မပြီးဘဲ တာဝန်ယူဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကို အသိအမှတ်ပြုထားပါသည်။

## အဓိကကျန်းမာရေးပြဿနာများနှင့် လက်ရှိအနေအထားများ

မရည်ရွယ်ဘဲ ကိုယ်ဝန်ရရှိခြင်း၊ အန္တရာယ်ရှိသော သားပျက်သားလျှောခြင်းနှင့် လိင်မှတစ်ဆင့်ကူးစက်သော ရောဂါများအပါအဝင် လူငယ်များရင်ဆိုင်နေရသော လိင်ပိုင်းနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား မြန်မာနိုင်ငံမှလူငယ်များ ရင်ဆိုင်နေရသော အဓိကကျန်းမာရေးပြဿနာများအဖြစ် အသိအမှတ်ပြုထားပါသည်။

"လူငယ်များ ရင်ဆိုင်နေရသော အဓိကပြဿနာများမှာ ... မရည်ရွယ်ဘဲ ကိုယ်ဝန်ရရှိမှုများနှင့် ယင်း၏နောက်ဆက်တွဲ အကျိုးဆက်များအပါအဝင် လိင်ပိုင်းနှင့် မျိုးဆက်ပွားကျန်းမာရေး ပြဿနာများကို ဖြစ်ပေါ်လာစေသော အန္တရာယ်ရှိသည့်အပြုအမူများ ဖြစ်ပါသည် ..." (စာမျက်နှာ ၁၂)

- အသက် ၁၅နှစ်မှ ၁၉နှစ်ကြား ဆယ်ကျော်သက်မိန်းကလေးများ၏ ၇.၄% သည် အိမ်ထောင်ရှိကြသည်။
- ၂% နီးပါးသည် အသက် ၁၅ နှစ်မတိုင်မီ သားဦးမွေးဖွားခဲ့ပြီး ၂၅% ကျော်သည် အသက် ၂၀ မတိုင်မီ ပထမဆုံးကလေးကို မွေးဖွားခဲ့သည်။
- လက်ရှိအိမ်ထောင်ရှိသော အသက် ၁၅နှစ်မှ ၁၉နှစ်ကြားနှင့် အသက် ၄၅နှစ်မှ ၄၉နှစ်ကြား အမျိုးသမီးများတွင် အနည်းဆုံး သားဆက်ခြားနည်းလမ်းတစ်ခုကို သုံးစွဲမှုနှုန်းသည် အသက် ၂၀နှစ်မှ ၂၄နှစ် ကြား အမျိုးသမီးများထက် အနည်းငယ်လျော့သည်။
- ကလေးစတင်မီးဖွားနေသော ဆယ်ကျော်သက်ရာခိုင်နှုန်းသည် ကျေး လက်ဒေသ (၅၇%) တွင် မြို့ပြ ဒေသ (၄၇%) မှာထက် ပိုမိုများပြားပါသည်။

**မဟာဗျူဟာကျ ဦးစားပေးရမည့်လုပ်ငန်း -**

**လိင်ပိုင်းနှင့် မျိုးဆက်ပွားကျန်းမာရေး**

လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော ကျန်းမာရေးအန္တရာယ်များကို အသိအမှတ်ပြုကာ မဟာဗျူဟာစာတမ်းသည် လိင်ပိုင်းနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာနယ်ပယ်တွင် မဟာဗျူဟာကျ ဦးစားပေးလုပ်ငန်းများနှင့် အမြင့်မားဆုံး အစီအစဉ်ရည်ရွယ်ချက်များအား ချမှတ်ထားပါသည်။ မဟာဗျူဟာစာတမ်းတွင်ပါရှိသည့် ဦးစားပေးလုပ်ငန်းများထဲမှ တစ်ခုမှာ **သားဆက်ခြား ဆေးဝါးပစ္စည်းများ ပိုမိုအသုံးပြုမှုလာစေခြင်းဖြင့် ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်မှုကို လျော့ချရန်** ဖြစ်ပါသည်။ ထိုအတွက် သီးခြားချမှတ်ထားသော ဦးတည်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (စာမျက်နှာ ၃၆)

၁။ ဆယ်ကျော်သက် မျိုးဆက်ပွားမှုနှုန်းသည် ၂၀၁၄ ခုနှစ်တွင် လူ ၁၀၀၀ လျှင် ၂၀ နှုန်းရှိရာမှ ၂၀၁၈ ခုနှစ်တွင် လူ ၁၀၀၀ လျှင် ၁၀ နှုန်းသို့ လျော့ချရန် (၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း)

၂။ လိင်ဆက်ဆံမှုရှိသော လူငယ်များကြား သားဆက်ခြားဆေးဝါးပစ္စည်းသုံးစွဲမှုနှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၃၈% သာ ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၅၂% အထိ တိုးတက်လာစေရန်

လူငယ်များ၏ သားဆက်ခြားဆေးဝါးပစ္စည်းသုံးစွဲမှုနှုန်း မြင့်မားလာစေခြင်းသည် ဆယ်ကျော်သက်များနှင့်လူငယ်များကြား မလိုချင်ဘဲ ကိုယ်ဝန်ရရှိမှုအရေအတွက်ကို လျှော့ချနိုင်စေမည့် အဓိကမဟာဗျူဟာ တစ်ခုအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပါသည်။

**အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာများနှင့် အဓိက လုပ်ဆောင်ချက်များ**

ထိုပန်းတိုင်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ဖော်ထုတ်ထားသော မဟာဗျူဟာတစ်ခုတွင် ကျန်းမာရေးဝန်ဆောင်မှုများကို လူငယ်များပိုမိုလက်လှမ်းမီအသုံးပြုနိုင်စေရေး ပါဝင်ပါသည်။ မဟာဗျူဟာ စာတမ်း (စာမျက်နှာ ၂၈) က ကျွန်ုပ်တို့အား အောက်ပါအတိုင်းလုပ်ဆောင်ရန် တိုက်တွန်းထားသည်

> "လက်ခံနိုင်ဖွယ်ဖြစ်သော၊ သာတူညီမျှရှိသော၊ ငွေကုန်ကြေးကျမများသော၊ သင့်တော်သော၊ ထိရောက်သော၊ လက်လှမ်းမီရရှိနိုင်သော နစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် ဆေးဝါးပစ္စည်းများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှု များအား ဖယ်ချန်ခံရသော၊ ထိခိုက်လွယ်သော ဆယ်ကျော်သက်များသာမက လူငယ်ထုတစ်ရပ်လုံးထံသို့ ရောက်ရှိ စေမည့် နည်းလမ်းအမျိုးမျိုး၊ လမ်းကြောင်းအမျိုးမျိုးတို့မှတဆင့် ပံ့ပိုးပေးခြင်းဖြင့် ထိုဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီ၊ ပိုမိုအသုံးပြုလာနိုင်စေရန်"

ကျန်းမာရေးဝန်ဆောင်မှုများအား လူငယ်များပိုမိုလက်လှမ်းမီလာစေရန်အတွက် အကောင်အထည်ဖော်မှုဆိုင်ရာ မဟာဗျူဟာများအား ၄င်းစာတမ်းတွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ယင်းတို့တွင် ကျန်းမာရေးဌာနအခြေပြုဝန်ဆောင်မှုများအား လူငယ်များ ပိုမို အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်အောင် ပြုလုပ်ရန်လည်း ပါဝင်ပါသည်။




က။ ရပ်ရွာလူထုအခြေပြု ဆောင်ရွက်မှုများ

- ဆယ်ကျော်သက်ကလပ်အသင်းများ (Adolescent clubs - AC)

ခ။ ကျန်းမာရေးဌာနအခြေပြု ဆောင်ရွက်မှုများ

- ဆယ်ကျော်သက်များအတွက် အဆင်ပြေသည့်ဆေးခန်း (Adolescent friendly clinic - AFC)

ဂ။ ကျန်းမာရေးကဏ္ဍနှင့် အခြားသော ကဏ္ဍများ စုဆုံပူးပေါင်းမှု

- ဆယ်ကျော်သက်ကျန်းမာရေးအတွက် ဗဟိုအဆင့် လမ်းညွှန်ကော်မတီ (National steering committee for adolescent health - NSCAH)
- ဆယ်ကျော်သက်ကျန်းမာရေးအတွက် မြို့နယ်အဆင့် လမ်းညွှန်ကော်မတီ (Township steering committee for adolescent health - TSCAH)

ကုသစောင့်ရှောက်မှုအဆင့်အမျိုးမျိုးတွင် လူငယ်များအတွက် အဆင်ပြေစေရန် ဝန်ဆောင်ပေးသော ကျန်းမာရေးဌာနများမှ လူငယ်များအတွက် ဆောင်ရွက်ပေးရမည့် ကျန်းမာရေးဝန်ဆောင်မှုများတွင် အောက်ပါတို့ ပါဝင်သည်။ (စာမျက်နှာ ၄၃) -

- ဝေဖန်ပြောဆိုခြင်းကင်းပြီး လျှို့ဝှက်ထိန်းသိမ်းပေးသော နည်းလမ်းဖြင့် လူငယ်များအတွက် အဆင်ပြေသော ဝန်ဆောင်မှုများပေးခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်သောသဘောထားခံယူချက်များ ရှိရန်အတွက် ကျန်းမာရေးဝန်ဆောင်ပေးသူများ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးခြင်း
- ကျန်းမာရေးဌာနများတွင် လူငယ်များအဆင်ပြေမည့် မျိုးဆက်ပွားဝန်ဆောင်မှုပေးသည့်နေရာဖန်တီး၍ ပညာပေးပစ္စည်း၊ ကိရိယာများနှင့် မျိုးဆက်ပွားကျန်းမာရေးဆေးဝါးပစ္စည်းများကို ပံ့ပိုးပေးခြင်း
- သားဆက်ခြားခြင်း –အန္တရာယ်ကင်းသော လိင်မှုဆိုင်ရာအပြုအမူများ၊ မလိုလားအပ်သော ကိုယ်ဝန်မရအောင် ကာကွယ်ခြင်း၊ ကာလသားရောဂါနှင့် HIV ဆိုင်ရာ သတင်းအချက်အလက်များနှင့် အကြံဉာဏ်များပေးခြင်း/ နစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ လူငယ်အချင်းချင်း ပညာပေးခြင်း
- အသိပညာပေးလှုပ်ရှားမှု/ SRH ဆိုင်ရာ လူငယ်ဖိုရမ်များ

Myanmar Partners in Policy and Research

Pathfinder INTERNATIONAL
Sexual and reproductive health without fear or boundary

ထိုပန်းတိုင်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် Pathfinder International နှင့် Myanmar Partners in Policy and Research (MPPR) တို့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသန္တရအဆင့် လူထုကျန်းမာရေးဦးစီးဌာနတို့နှင့်အတူတကွ လက်တွဲကာ အခြားသော ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ထပ်မံသိလိုသည်များရှိပါက MPPR ၏ အီးမေးလ်လိပ်စာ myanmarppr@gmail.com သို့ စာရေးဆက်သွယ်ခြင်းဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် +95-09311-43799 သို့ ခေါ်ဆိုခြင်းဖြင့် လည်းကောင်း မေးမြန်းနိုင်ပါသည်။